# ဂျပန်နိုင်ငံတွင်နေထိုင်သောမြန်မာနိုင်ငံသားများလျှောက်ထားနိုင်သည့် ပညာတော်သင်ဆုနှင့်ပညာသင် ထောက်ပံ့ကြေးများလမ်းညွှန်

日本に住むミャンマー人が応募できる奨学金・支援金案内

## မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ （小学校・中学校・高等学校）

| အမည် | လျှောက်ထားနိုင်သူ | ငွေပမာဏ | ထုတ်ပေး ပြန်ဆပ် | Website |
|---|---|---|---|---|
| Foundation ; MEIKOU Education Research Center | အုပ်ထိန်းသူကရောဂါ ဒဏ်ရာစသည်တို့ကို ကုသနေရသဖြင့်ဝင် ငွေရှာရန်ခက်ခဲမှုရှိသူ | ၃၀၀,၀၀၀- ၇၀၀,၀၀၀ ယန်း / နှစ် | ပေးငွေ အမျိုး အစား | http://www.meiko-zaidan.jp/ （日本語） |
| ASHINAGA Ikuei kai ယာယီကျောင်းဝင်ခွင့် ဘွဲ့သင်တန်း၊ဘွဲ့လွန် ပညာသင်ဆုပေးချေမှု များပါဝင်သည် | မိဘဖြစ်သူကရောဂါ နှင့်ကပ်ဘေး (လမ်း ပေါ်မှယာဉ်တိုက်မှုမ ပါဝင်) မိမိကိုယ်ကို သတ်သေခြင်းတို့ ကြောင့် အုပ်ထိန်းသူ ကမသန်မစွမ်းဖြစ်နေ သူ | အစိုးရ နှင့် အများပိုင် ၄၅,၀၀၀ ယန်း/ လ (ချေးငွေ၂၅,၀၀၀ ယန်း ပေးငွေ ၂၀,၀၀၀ ယန်း) အများပိုင် ၅၀,၀၀၀ ယန်း / လ (ချေးငွေ ၃၀,၀၀၀ ယန်း၊ ပေးငွေ ၂၀,၀၀၀ ယန်း) | ပေးငွေ/ ဆပ်ငွေ | https://www.ashinaga.org/grant/scholarship.html （日本語） |
| Japanese Student Assistant Organization Scholarship | ဂျပန်လူမျိုးများနှင့် ဂျ ပန်နိုင်ငံတွင် အမြဲ တန်းနေထိုင်ခွင့်ရသူ | သာမန်ဘွဲ့ ၃၀,၀၀၀ - ၅၁,၀၀၀ ယန်း /လ ဘွဲ့လွန် ၅၀,၀၀၀ -၁၂၂,၀၀၀ ယန်း/လ | ပြန်ဆပ် ရန်ငွေ (အတိုး မပါ) | https://www.jasso.go.jp/shogakukin/kyufu/index.html （日本語） |
| နိုင်ငံတော်ထောက်ပံ့ငွေ၊ အထက်တန်း ကျောင်းဝင်ကြေး | သာမန်ဝင်ငွေ ၉,၁၀၀,၀၀၀ ယန်း အောက် | ဝင်ငွေပေါ်တွင် မူတည်သည်။ | ပေးငွေ အမျိုး အစား | |
| Kanagawa ken Private High School Student Scholarship | ထောက်ပံ့ကြေးပေးရန် သတ်မှတ်ထားသော ကျောင်းကိုလျှောက်ထားသူ ဖြစ်ပြီး၊ ကျောင်းသားနှင့်မိ ဘပါ Kanagawa-Ken အ တွင်းနေထိုင်သူဖြစ်ရမည်။ | ဝင်ငွေအ ပေါ်တွင် မူတည်သည်။ ကျောင်းဝင် ထောက် ပံ့ကြေး ၁၀၀,၀၀၀ ယန်း | ပေးငွေ အမျိုး အစား | http://www.pref.kanagawa.jp/docs/v3e/jyosei/gakuhisien/index.html （日本語） |

| | | | | |
|---|---|---|---|---|
| အမြဲနေထိုင်သူနိုင်ငံခြားသားများ ၏သားသမီးများ အတွက်ပညာတော်သင်ဆု | နိုင်ငံခြားတွင်အခြေ ချသည့် Hyogo Ken မှကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး | ၁၅,၀၀၀ ယန်း/လ အထက်တန်းကျောင်းနေစဉ် ၃နှစ်စာထောက်ပံ့ | ပေးငွေ အမျိုးအစား | http://www.social-b.net/kfc/scholarship/about/about.html （日本語） |

## အသက်မွေးဝမ်းကျောင်းအထက်တန်း၊ သက်မွေးဝမ်းကျောင်းသိပ္ပံ၊ ကောလိပ်၊ ဘွဲ့သင်တန်း၊ မဟာဘွဲ့ သင်တန်း၊ ပါရဂူသင်တန်းနှင့် သုတေသနကျောင်းသားများ （専門学校, 高等専門学校, 短大, 学部, 修士, 博士, 研究生）

| | | | | |
|---|---|---|---|---|
| Coca cola Education and Environment Foundation | မည်သည့်နိုင်ငံသား မဆိုလျှောက်ထား နိုင်သည် | ၁၅,၀၀၀ ယန်း/လ | ပေးငွေ အမျိုးအစား | http://www.cocacola-zaidan.jp/edu-support/ （日本語） |
| IBARAKI KEN SGHOLARSHIP | Prefecture အတွင်းနေထိုင်သော ကိုယ်ရည်/ကိုယ်သွေး နှင့်ပညာရေးတွင်ထူးချွန်ထက်မြက်သော် လည်း စီးပွားရေးအရ ကျောင်းဆက်တက်ရန် ခက်အခဲဖြစ်နေသူ | ၃၆,၀၀၀ (သို့) ၄၀,၀၀၀ ယန်း/လ | ပြန်ဆပ် (အတိုးမပါ) | |
| KAWASAKI SHI UNIVERSITY SCHOLARSHIP | အုပ်ထိန်းသူက ကာဝါဆာကီမြို့တွင်တနှစ် ကျော်နေထိုင်သောသူ၏တက္ကသိုလ်ပထမနှစ် ကျောင်းသား | ၃၈,၀၀၀ ယန်း/လ | ပြန်ဆပ်ရန် | |
| KANAYUKYO AND KANAFUKUKYO SCHOLARSHIP | | ၅၀,၀၀၀ယန်း/လ ၆၀၀,၀၀၀ ယန်း/ နှစ် | ပေးငွေ | https://www.yokohamaymca.ac.jp/admission/scholarship_foreign/ (日本語) |

- မိမိတို့ နေထိုင်သော ခရိုင်မြို့နယ်များက သီးသန့်ထောက်ပံ့သော ပညာသင်ဆုများလည်းရှိသည်။ ထိုဆုများအကြောင်းကိုဒေသဆိုင်ရာအစိုးရရုံးများတွင်စုံစမ်းနိုင်ပါ။
- တက္ကသိုလ်များကသီးသန့်ပေးသောပညာသင်ဆုများကို ဂျပန်နိုင်ငံသားများသာမက အမြဲတန်း နေထိုင်ခွင့်ရနိုင်ငံခြားသားများလည်း လျှောက်ထားနိုင်ပါသည်။ သက်ဆိုင်ရာတက္ကသိုလ်များတွင် စုံစမ်း နိုင်ပါသည်။
- အခြားပညာတော်သင်ဆုများလည်းရှိပါသေးသည်။ မည်သည့်ပညာသင်ဆုကိုမျှရှာမရပါက သို့ တည်းမဟုတ် လျှောက်လွှာဖြည့်စွပ်ရာတွင်နားမလည်းပါက Link to Myanmar သို့အောက်ပါ တယ်လီဖုန်းနံပါတ်အတိုင်းဆက်သွယ်ပြီးမေးမြန်းနိုင်ပါသည်။
  ( တယ်လီဖုန်းနံပါတ် 045 – 567 – 5858 သို့မဟုတ် Fax: 045 – 567 - 5858 )

## သိထားသင့်သော ဂျပန်နိုင်ငံ၏အခွန်စည်းကြပ်မှု　知っておきたい日本の税金

ဂျပန်နိုင်ငံတွင် ၁နှစ်ကျော်နေထိုင်ပြီး ဝင်ငွေရရှိသူများသည် နိုင်ငံတော်အား မဖြစ်မနေအခွန်ငွေများကို ပေးဆောင်ကြရပါသည်။ မိတ်ဆွေတို့၏နေ့စဉ်လူနေမှုဘဝနှင့်ဆက်စပ်နေသောအခွန်ပေးဆောင်မှုစ နစ်ကိုရှင်းလင်းဖော်ပြသွားလိုပါသည်။

ဝင်ငွေခွန်

ဇန်နဝါရီလ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ရက်နေ့အထိ သင်ရရှိသော ဝင်ငွေစုစုပေါင်းမှ အခွန်ငွေ ကောက်ခံမှုကိုပြုလုပ်ရပါမည်။ ထို့ကြောင့်နောက်နှစ်မတ်လ ၁၅ရက်နေ့အထိ မိမိတို့ရရှိခဲ့သောဝင်ငွေ ပေါင်းကိုအသိပေးကြညာကြရပါသည်။ ဂျပန်ပြည်တွင် ၁နှစ်ထက်ပိုပြီးနေထိုင်သူများသည် ဂျပန်လူမျိုး များကဲ့သို့အခွန်ငွေနှုန်းထားကိုပေးဆောင်ကြရပါသည်။

- ◻ မိမိတို့ကိုယ်တိုင်ရောင်းအဝယ်လုပ်သဖြင့် အမြတ်အစွန်းရရှိသူများသည် ဝင်ငွေ / ထွက်ငွေကို တွက်ချက်ထားသည့်ဇယားကိုအမြတ်ခွန်ဦးစီးဌာနသို့တင်ပြကြရပါမည်။
- ◻ မိမိတို့သည်ကုမ္ပဏီမှလုပ်ခရရှိခံစားနေသူများဖြစ်ပါက ကုမ္ပဏီမှဝင်ငွေခွန်ကိုမိမိတို့၏လစာမှဖြတ် တောပ်ပြီးဖြစ်ပါ၍ ဝင်ငွေခွန်စည်းကြပ်သင့်သည့်ပမာဏကိုတင်ပြရန်မလိုအပ်ပါ။

အခွန်စည်းကြပ်သင့်သောအမြတ်ငွေပမာဏပေးသွင်းပြီးအခွန်ငွေကိုပြန်လည်ထုတ်ယူခြင်းနှင့်မလုံလောက်သည့်အခွန်ငွေကိုထပ်မံဖြည့်စွက်ခြင်းလုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

◻ အခွန်စည်းကြပ်သင့်သော ဝင်ငွေကိုတင်ပြရမည့်သူများ

- တစ်နှစ်တာဝင်ငွေ ၂၀,၀၀၀,၀၀၀ယန်း အထက်ရရှိသူများ
- ၂ခုထက်ပိုသောကုမ္ပဏီများမှ တပြိုင်တည်းဝင်ငွေရရှိနေသူများ
- ထောက်ပံ့ကျွေးမွေးနေရသည့် မိသားစုဝင်ဦးရေတိုးပွားလာသူများ
- ဆေးရုံတက်ခြင်း၊ မီးဖွားခြင်းတို့ကြောင့်ဆေးကုသစရိတ်တိုးလာသူများ
- ချေးငွေဖြင့်အိမ်ဝယ်ထားသူများ

◻ စာရွက်စာတမ်းတင်ပြရမည့်ဌာန  မိမိတိုနေထိုင်ရာဒေသရှိ အမြတ်ခွန်ဦးစီးဌာန

◻ အခွန်စည်းကြပ်သင့်သောအမြတ်ငွေတင်ပြခြင်းတွင်ပါဝင်ရမည့်အချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

( မြန်မာဘာသာ ) http://www.clair.or.jp/tagengorev/mm/

ဒေသဆိုင်ရာအစိုးရ၏ နိုင်ငံတကာရေးရာအဖွဲ့ ပုံသေပိုင်ပစ္စည်းအခွန်

ဤအခွန်သည် ဇန်နဝါရီလ ၁ရက်နေ့တွင် မြေယာနှင့်အိုးအိမ်တို့ကိုပိုင်ဆိုင်ထားပါက ထိုပိုင်ဆိုင်မှုများ အတွက်ပေးဆောင်ရသည့်အခွန်ဖြစ်ပါသည်။ နိုင်ငံခြားသားများလည်းဂျပန်လူမျိုးများနည်းတူပေးဆောင် ရပါမည်။ ထိုအခွန်အား ဧပြီလ၊ ဇူလိုင်လ၊ ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် ၄ကြိမ်ခွဲပြီး ၃လစာစီပေး ဆောင်ကြရပါမည်။

အခွန်ကျသင့်သူများထံသို့ဒေသဆိုင်ရာအစိုးရများမှတစ်ဆင့်အကြောင်းကြားစာများပေးပို့လာမည်ဖြစ်ပါသောကြောင့်ထိုညွှန်ကြားစာအတိုင်းလိုက်နာလုပ်ဆောင်ကြရပါမည်။

နေထိုင်ခွန်

သင်နေထိုင်သောဒေသတွင် နေထိုင်သူတစ်ဦးအနေဖြင့်ပေးဆောင်ရမည့်အခွန်ဖြစ်ပါသည်။

နှစ်တစ်နှစ်၏ဇန်နဝါရီလ၁ရက်နေ့တွင် ထိုဒေသ၌တစ်နှစ်ကျော်နေထိုင်ခဲ့ပါက နေထိုင်ခွန်ကိုပေးဆောင် ရန်လိုအပ်ပါသည်။

◻ မိမိကိုယ်တိုင်အရောင်းအဝယ်လုပ်ငန်းကိုလုပ်ဆောင်နေသူဖြစ်ပါက ၆လလျှင်တစ်ကြိမ် မြို့၊ ရပ်ကွက်၊ ကျေးရွာကောင်စီရုံးများမှအခွန်ဆောင်ရန်အကြောင်းကြားစာများပေးပို့လာပါလိမ့်မည်။ နီးစပ်ရာဘဏ်နှင့်စာတိုက်များတွင်ပေးသွင်းနိုင်ပါသည်။

◻ ကုမ္ပဏီမှ လစာခံစားနေသူဖြစ်ပါက ကုမ္ပဏီမှထိုအခွန်ကိုဆောင်ပေးပြီးဖြစ်သောကြောင့်မိမိတို့ကိုယ်တိုင်ပေးသွင်းရန်မလိုအပ်ပါ။

◻ နေထိုင်ခွန်သည် လွန်ခဲ့သောတစ်နှစ်အတွင်းရရှိသောဝင်ငွေကိုအခြေခံပြီးတွက်ချက်ကောက်ခံခြင်းဖြစ်သောကြောင့်သင့်အနေနှင့်ဂျပန်ပြည်သို့စရောက်သည့်နှစ်တွင်ထိုအခွန်ကိုပေးသွင်းရန်မလိုအပ်ပါ။

မော်တော်ယာဉ်ခွန်နှင့်အပေါ့စားယာဉ်အခွန် မော်တောယာဉ်ခွန်မှာ ဧပြီလ၁ရက်နေ့တွင် မော်တော်ယာဉ်ပိုင်ဆိုင်သူက ဆောင်ရသောအခွန်ဖြစ် ပါသည်။

အပေါ့စားယာဉ်ဆိုသည်မှာ ကားအငယ်စားများ၊
မော်တာတပ်ထားသောစက်ဘီးများနှင့်မော်တော်ဆိုင်ကယ်ပိုင်ဆိုင်ထားသူတို့ဆောင်ရသောအခွန်ဖြစ်ပါသည်။

သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကောင်စီများမှအခွန်ဆောင်ရန်အကြောင်းကြားစာရောက်လာပါက နီးစပ်ရာဘဏ်တိုက်နှင့်စာတိုက်များတွင်ပေးဆောင်ကြရပါမည်။

အဆိုပါအခွန်ငွေများကို ဧပြီလ၁ရက်နေ့မှစပြီး ယာဉ်ပိုင်ဆိုင်သူအားစည်းကြပ်မည်ဖြစ်ပါသည်။ အကယ် ၍ သင်၏ယာဉ်အားတစ်ခြားသူသို့လွှဲပြောင်းပေးထားပါက သို့တည်းမဟုတ်ဆက်လက်မသုံးတော့ပါက ကောင်စီ ရုံးသို့ကြိုတင်အကြောင်းကြားမထားလျှင် ထိုအခွန်ကိုဆက်လက်ကောက်ခံနေမည်သာဖြစ်ပါ သည်။

ထုတ်ဝေသူ

特定非営利活動法人　リンクトゥミャンマー　**Link to Myanmar ( ဂျပန်မြန်မာထောက်ပံ့ကူညီရေးအဖွဲ့ )**
Address: 〒236 – 0005　Namiki 1- 17-13-206, Kanazawa-ku, Yokohama City, JPN
Tel & Fax : ( 045 ) 567 – 5858　E mail :info@npoltm.org　URL: https://www.npoltm.org
Twitter: https://twitter.com/linktomyanmar　Facebook: https://www.facebook.com/LinkToMyanmar

ဤလက်ကမ်းစာစောင်အား the Kanagawa International Foundation ၏အကူအညီကိုယူကာ ပြုစုရေးသားခြင်းဖြစ်ပါသည်။
この冊子は、（公財）かながわ国際交流財団の『かながわ民際協力基金』から助成を受けて作成したものです。

ထုတ်ဝေသည့်ရက်စွဲ ၂၀၁၈ခုနှစ် - လ